ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ပဲခူးတိုင်းဒေသကြီး
# ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာဥပဒေ

(၂၀၁၄ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်-၈)

၂၀၁၄ခုနှစ် ၊ စက်တင်ဘာလ ၁၈ ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း(၁) အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁-၂ |
| ၃။ | အခန်း(၂) ရည်ရွယ်ချက် | ၃ |
| ၄။ | အခန်း(၃) ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများဖွဲ့စည်းခြင်း | ၃-၄ |
| ၅။ | အခန်း(၄) ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများ၏ လုပ်ငန်းတာဝန်များ | ၄-၇ |
| ၆။ | အခန်း(၅) ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း | ၇-၈ |
| ၇။ | အခန်း(၆) ရန်ပုံငွေများထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း | ၈-၉ |
| ၈။ | အခန်း(၇) လုပ်သားအင်အားဖွဲ့စည်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း | ၉ |
| ၉။ | အခန်း(၈) လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး | ၁၀ |
| ၁၀။ | အခန်း(၉) လုပ်ခနှုန်းထားများ သတ်မှတ်ခြင်း | ၁၀ |
| ၁၁။ | အခန်း(၁၀) လုပ်ငန်းခွင် စည်းကမ်းများသတ်မှတ်ခြင်းနှင့် စီမံခန့်ခွဲရေးအရအရေးယူခြင်း | ၁၀-၁၁ |
| ၁၂။ | အခန်း(၁၁) ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများကို ဖျက်သိမ်းခြင်း | ၁၂ |
| ၁၃။ | အခန်း(၁၂) တားမြစ်ချက်များ | ၁၃ |
| ၁၄။ | အခန်း(၁၃) ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၁၃-၁၄ |
| ၁၅။ | အခန်း(၁၄) အထွေထွေ | ၁၄-၁၅ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာဥပဒေ

(၂၀၁၄ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် - ၈ )

၁၃၇၆ ခုနှစ်၊ တော်သလင်းလဆုတ် ၁၀ ရက်

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ပဲခူးတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဆိုင်ရာဥပဒေ** ဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ပဲခူးတိုင်းဒေသကြီး တစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ တိုင်းဒေသကြီးစီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာနကို ဆိုသည်၊

(ဃ) **ဝန်ကြီး** ဆိုသည်မှာ အစိုးရအဖွဲ့က အလုပ်သမားရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသော စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(င) **တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ အစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ကုန်ချ လုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန် ဖွဲ့စည်းထားသော တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဆိုသည်၊

(စ) **တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး** ဆိုသည်မှာ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ ရုံးလုပ်ငန်း တာဝန်များကို ဆောင်ရွက်နိုင်ရန် ဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသည့် ရုံးကို ဆိုသည်၊

(ဆ) **မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ကြီးကြပ်သော မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီကို ဆိုသည်၊

(ဇ) **မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး** ဆိုသည်မှာ မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဥပဒေအရ တည်ထောင်ဖွဲ့စည်းထားသည့် ရုံးကိုဆိုသည်၊

(ဈ) **ကုန်တင်ကုန်ချလုပ်ငန်း** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အများပြည်သူ နှင့်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်၊ ဈေးကြီးနှင့် ပွဲရုံများအပြင် အခြားလိုအပ်သည့်နေရာများတွင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ကုန်တင်ကုန်ချအလုပ်သမားများ၏ ကာယအား ကိုဖြစ်စေ၊ ဉာဏအားကိုဖြစ်စေ အသုံးပြုပြီးကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်း၊ အစီ၊ အထပ်၊ အသယ်၊ အပို့ပြုလုပ်ပေးရသော ဝန်ဆောင်မှုလုပ်ငန်းများနှင့် ယင်းဝန်ဆောင်မှုလုပ်ငန်းများကို စီမံအုပ်ချုပ်မှုပြုလုပ် ပေးရသော ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုသည်၊

(ည) **ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်** ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများနှင့် ပတ်သက်၍ ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်၊

(ဋ) **မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမား** ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် လုပ်သား မှတ်ပုံတင် နံပါတ်ရရှိပြီးသော မှတ်ပုံတင် အလုပ်သမားကိုဆိုသည်၊

(ဌ) **သက်သာချောင်ချိရေးရန်ပုံငွေ** ဆိုသည်မှာ မှတ်ပုံတင်ကုန်တင်ကုန်ချ အလုပ်သမား များ၏ သက်သာချောင်ချိရေးအတွက် အသုံးပြုရန် နေ့စဉ်လုပ်ခဝင်ငွေများထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်းဖြင့်ကောက်ခံ စုဆောင်းထားသည့် ရန်ပုံငွေကို ဆိုသည်၊

(ဍ) **လူမှုဖူလုံရေးရန်ပုံငွေ** ဆိုသည်မှာ လူမှုဖူလုံရေးရုံး ဖွင့်လှစ်ထားသည့် မြို့နယ်များရှိ မှတ်ပုံတင်ကုန်တင်ကုန်ချ အလုပ်သမားများ၏ နေ့စဉ်လုပ်ခ ဝင်ငွေများထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်းဖြင့် ထည့်ဝင်စုဆောင်း ထားသည့် ရန်ပုံငွေကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကုန်တင်ကုန်ချလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စနစ်တကျနိုင်နင်းစွာ ကြီးကြပ်အုပ်ချုပ်နိုင်စေရန်နှင့် လုပ်ငန်းဆောင်ရွက်မှုများ ပိုပြင်စွာတိုးတက်ကောင်းမွန်လာစေရန်၊

(ခ) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး ကုန်ဈေးနှုန်းတည်ငြိမ်စေရေးနှင့် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရန်၊

(ဂ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်အားနှင့် ထိုက်တန်သောလုပ်ခ အပြည့်အဝမှန်ကန်စွာရရှိစေရန်နှင့် ငွေကြေးအလွဲသုံးစားမှုမဖြစ်စေရန်၊

(ဃ) ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးနှင့် ဘဝအာမခံချက်များ ရရှိစေရန်၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင် စည်းကမ်းကောင်းမွန်စေရန်နှင့် တည်ငြိမ်အေးချမ်းမှုရှိစေရန်၊

(စ) ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန်။

## အခန်း(၃)
## ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းခြင်း

၄။ ဤဥပဒေအရ ကုန်တင်ကုန်ချလုပ်ငန်းများကို ဆောင်ရွက်ရန် အောက်ပါကော်မတီများနှင့် ရုံးများကို ဖွဲ့စည်းရမည် -

(က) တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီနှင့် တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး၊

(ခ) မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများနှင့် မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများ။

၅။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီကို စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဌာနဆိုင်ရာ အကြီးအကဲများဖြင့် ဖွဲ့စည်းရမည်။

၆။ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီကို လုပ်ငန်းလိုအပ်ချက် အပေါ်မူတည်၍ အစိုးရအဖွဲ့က ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများကို မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ် ရေးရုံး ဦးစီးအရာရှိ ဥက္ကဋ္ဌအဖြစ်ပါဝင်သော ဌာနဆိုင်ရာ အကြီးအကဲများဖြင့် ဖွဲ့စည်းရမည်-

၈။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ အဖွဲ့ဝင်များ လစ်လပ်ပါက တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ ရက်သတ္တပတ်နှစ်ပတ် အတွင်း အစားထိုးခန့်ထားခြင်းများကို ဆောင်ရွက်ရမည်။

## အခန်း(၄)

## ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများ၏ လုပ်ငန်းတာဝန်များ

၉။ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများ၏ လုပ်ငန်းတာဝန် များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု များနှင့် သက်သာချောင်ချိရေးရန်ပုံငွေ၊ လူမှုဖူလုံရေးရန်ပုံငွေများ မှန်ကန်စွာရရှိ စေရေးနှင့် စာရင်းဇယားများစနစ်တကျရှိစေရေးအတွက် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများနှင့် ကုန်တင်ကုန်ချ လုပ်ငန်း ခွင့်ပြုချက် လျှောက်ထားမှုများကို လိုအပ်သလို စိစစ်ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊

(ဂ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများနှင့် ကုန်တင်ကုန်ချ လုပ်ငန်း ခွင့်ပြုချက် ရရှိထားသူများမှ တင်ပြလာသည့် ဒေသန္တရကုန်စျေးနှုန်း များနှင့်အညီ ထိုက်တန်သော လုပ်ခနှုန်းထားများ ရရှိစေရေးအတွက် စိစစ် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊

(ဃ) ကုန်တင်ကုန်ချလုပ်ငန်းများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်း စေရေးနှင့် မတော်တဆထိခိုက်မှု မဖြစ်ပွားစေရေးတို့အတွက် ကြီးကြပ်ညွှန်ကြားခြင်း၊

(င) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများနှင့် ဌာနခွဲများကို ဖွဲ့စည်းပြီးလုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊ မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေး ကော်မတီများ၏ လုပ်ငန်းတာဝန်များကို စနစ်တကျ ဆောင်ရွက်နိုင်ရန် အတွက် အစိုးရအဖွဲ့က ဥပဒေနှင့် အညီခန့်အပ်တာဝန်ပေးထားသော ဦးစီးအရာရှိနှင့် အဖွဲ့ဝင်များကို အခြေခံလျက် မြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(စ) တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ အစည်းအဝေးကို တစ်လလျှင်တစ်ကြိမ် ကျင်းပခြင်း၊ လိုအပ်ပါက အထူးအစည်းအဝေးခေါ်ယူ ကျင်းပခြင်း၊

(ဆ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများနှင့် ဌာနခွဲများ ဖွင့်လှစ်ပြီးနောက် လုံလောက်သော အကြောင်းတစ်ရပ်ရပ်ကြောင့် ဖျက်သိမ်းရမည့် အခြေအနေပေါ်ပေါက်လာပါက တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေး ကော်မတီမှ လိုအပ်သော စုံစမ်းစစ်ဆေးမှု များပြုလုပ်၍ မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများနှင့် ဌာနခွဲများကိုသတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းပြီး အစိုးရအဖွဲ့သို့တင်ပြခြင်း၊

(ဇ) တိုးချဲ့ဖွင့်လှစ်သော မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ ရုံးများနှင့် ကုန်တင်ကုန်ချအလုပ်သမား ကြီးကြပ်ရေးဌာနခွဲရုံးများ၏ အနည်းဆုံး လုပ်သားအင်အားနှင့် အများဆုံး လုပ်သားအင်အား သတ်မှတ်ပေးခြင်း၊ အတည်ပြုခြင်း၊

(ဈ) တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းများရှိ မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားများအနက် တစ်ဦးဦးကဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ၊ ၎င်းတို့၏ နစ်နာချက်များကို တင်ပြတိုင်ကြားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်း၍ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(ည) ကုန်တင်ကုန်ချ အလုပ်သမားများ ခန့်ထားခြင်း၊ မှတ်ပုံတင်ခြင်းတို့နှင့် စပ်လျဉ်း၍ စည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(ဋ) တိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ကုန်ချအလုပ်သမားများ၏ လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးအတွက် အမိန့်များ ထုတ်ပြန်ပေးခြင်း၊ လုပ်ငန်းခွင် စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် အပြစ်ပေးအရေးယူခြင်းများကို ဆောင်ရွက်ခြင်း၊

(ဌ) မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးများ၏ ရသုံးမှန်းခြေငွေစာရင်းများအား အတည်ပြုသတ်မှတ်ပေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဍ) တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းနှင့် သက်ဆိုင်သည့် အလံပုံစံ၊ အလံအရွယ်အစား၊ ရုံးတံဆိပ်၊ ရင်ထိုး၊ လက်မောင်းတံဆိပ်နှင့် ဝတ်စုံ(Uniform)များကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အတည်ပြုသတ်မှတ်ခြင်း။

၁၀။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျရှိစေရန် ကြီးကြပ်ကွပ်ကဲခြင်း၊ စစ်ဆေးခြင်းနှင့် မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားများ သက်သာချောင်ချိရေးအတွက် ဤဥပဒေနှင့်အညီ စီမံဆောင်ရွက်ပေးခြင်း၊

(ခ) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများတွင် မှတ်ပုံဝင် ကုန်တင်ကုန်ချ အလုပ်သမားအဖြစ် လုပ်ကိုင်လိုသူများရှိပါက စနစ်တကျရွေးချယ်၍ မှတ်ပုံတင်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးခြင်း၊ စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဂ) မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားအင်အား အနည်းဆုံးနှင့် အများဆုံးသတ်မှတ်ချက်များ၊ ကရုဏာကြေးသတ်မှတ်ချက်များနှင့် ကော်မတီ၏လုပ်ငန်း ဆောင်ရွက်ချက်များကိုပြုစု၍ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသို့တင်ပြ အတည်ပြုချက် ရယူခြင်း၊

(ဃ) ကုန်တင်ကုန်ချ လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် စည်းကမ်းဖောက်ဖျက်သော မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမားများကို အရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်းကိစ္စရပ်များအား ကြီးကြပ်ခြင်းနှင့် အတည်ပြုခြင်း၊

(င) ဒေသန္တရကုန်စျေးနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခများ တိုးမြှင့်ရန် လိုအပ်လာပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသို့ အတည်ပြုနိုင်ရန် တင်ပြခြင်း၊

(စ) ဒေသန္တရကုန်စျေးနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခ သတ်မှတ်ချက်များကို အများပြည်သူသိရှိနိုင်ရန် လုပ်ငန်းဌာနခွဲတိုင်း ကြေညာထားခြင်း၊ ကြေညာသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှု အခြေအနေကို အခါအားလျော်စွာ စစ်ဆေးခြင်း၊

(ဆ) ကုန်တင်ကုန်ချလုပ်ငန်းများတွင် လိုအပ်ပါက အလုပ်သမားမှူး၊ အလုပ်သမားစုမှူး၊ စောင့်ရှောက်ရေးမှူး စသည့်ရာထူးများခန့်ထားခြင်း၊ ရပ်စဲခြင်းတို့နှင့် ပက်သက်၍ ကြီးကြပ်ခြင်း၊ အတည်ပြုမိန့်များ ထုတ်ပြန်ခြင်း၊

(ဇ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ နေရာသစ်၊ လုပ်ကွက်သစ်များရရှိရေးအတွက် စည်းရုံးဆောင်ရွက်ပေးခြင်း၊

(ဈ) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး၏ လစဉ်ရန်ပုံငွေစုဆောင်းရရှိမှုနှင့် အသုံးစရိတ်များကို ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသို့ တင်ပြခြင်း၊

(ည) မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် နှစ်စဉ်ဘဏ္ဍာရေးနှစ်အတွက် ကော်မတီ၏ ရသုံးမှန်းခြေငွေစာရင်းကို ရေးဆွဲ၍ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသို့ တင်ပြအတည်ပြုချက်ရယူ ဆောင်ရွက်ခြင်း၊

(ဋ) တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ အခါအားလျော်စွာ ပေးအပ်သောလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၅)

## ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၁၁။ ၁၉၅၉ခုနှစ် အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Labour Employment Control Order, 1959)အရလည်းကောင်း၊ ယင်းအမိန့်တို့အရပြုလုပ်သည့် ၁၉၇၀ပြည့်နှစ် ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားများ စောင့်ရှောက်ရေးစည်းမျဉ်းဥပဒေများ အရလည်းကောင်း လုပ်ကိုင်လျက်ရှိသော အစိုးရအဖွဲ့လက်အောက်ရှိ မြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်း ကြီးကြပ်ရေးကော်မတီများသည် တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေး ကော်မတီမှ တစ်ဆင့် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဖွင့်လှစ်ထားသည့်အတိုင်း ကုန်တင်ကုန်ချလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့် ရရှိရမည်။

၁၂။ ကုန်တင်ကုန်ချ အလုပ်သမား (၅)ဦးနှင့် အထက်ရှိပြီး တစ်နှစ်အတွင်း အလုပ်လုပ်ချိန် ကာလ အနည်းဆုံး (၄)လရှိသည့် အောက်ဖော်ပြပါ ကုန်တင်ကုန်ချလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျက်ရှိသူ၊ လုပ်ကိုင်လိုသူသည် ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်လျှောက်လွှာများကို သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှတဆင့်ဖြစ်စေ၊ မြို့နယ် ကုန်တင်ကုန်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး မဖွဲ့စည်းရသေးသော မြို့နယ်များတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့်ဖြစ်စေ၊ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးသို့ လျှောက်ထားရမည် -

(က) အများပြည်သူနှင့် ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ၊ အဝေးပြေးကားဂိတ်၊ စက်လှေဆိပ်၊ ဈေးကြီးနှင့် ပွဲရုံစသည့်နေရာများတွင် ကုန်တင်ကုန်ချလုပ်ငန်းများကို ကြီးကြပ်လုပ်ကိုင်နေသော ပုဂ္ဂလိကအဖွဲ့အစည်း များ၊

(ခ) စည်ပင်သာယာရေးကော်မတီက ကြီးကြပ်လျက်ရှိသော ဈေးများ၊ ကူးတို့ဆိပ်များ၊ သင်္ဘောဆိပ်များတွင် ကုန်တင်ကုန်ချလုပ်ငန်းများ လုပ်ကိုင်နေသူများ၊

(ဂ) အစိုးရဌာနမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူဆောင်ရွက်လျက်ရှိသော ပစ္စည်းသယ်ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်း များကို လုပ်ကိုင်ဆောင်ရွက်နေသူများ၊

(ဃ) နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသည့် အဖွဲ့အစည်းများ။

၁၃။ ပုဒ်မ ၁၂ အရ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားချက်များကို မြို့နယ် ကုန်တင်ကုန်ချ လုပ်ငန်းကြီးကြပ်ရေးကော်မတီမှ စိစစ်ပြီး တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေး ကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

၁၄။ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၃ အရ လျှောက်ထားခြင်းကို စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

၁၅။ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ စီမံခန့်ခွဲမှုအရ သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုအောက်၌ လုပ်ငန်းဌာန တစ်ခုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၁၆။ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် ကုန်တင်ကုန်ချ လုပ်ငန်းခွင့်ပြုချက်ကို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက် တစ်ရပ်ရပ်အရ ဖောက်ဖျက်ကြောင်း မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီက စိစစ်တင်ပြလာပါက သတ်မှတ်ကာလမတိုင်မီ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

## အခန်း(၆)

## ရန်ပုံငွေများထူထောင်ခြင်း ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း

၁၇။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံးသည် မှတ်ပုံတင် ကုန်တင်ကုန်ချ အလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် သက်သာချောင်ချိရေးရန်ပုံငွေများကို သတ်မှတ်ချက်များနှင့် အညီ ထူထောင်ထားရှိရေး ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရမည်။

၁၈။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် မှတ်ပုံတင် ကုန်တင်ကုန်ချ အလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် သက်သာချောင်ချိရေးအတွက် တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် လုပ်သက်ဆုငွေနှင့် အခါအားလျော်စွာ သတ်မှတ်သည့် ကရုဏာကြေးကို ထုတ်ပေးနိုင်သည်။

၁၉။ လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သော မြို့နယ်ဖြစ်ပါက ထိုအလုပ်သမားသည် လူမှုဖူလုံ ရေး ဥပဒေအရ အကျိုးခံစားခွင့်ရှိစေရမည်။ လူမှုဖူလုံရေးဥပဒေအရ အကျုံးမဝင်သော အလုပ်သမားဖြစ်ပါက မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ သတ်မှတ်ချက်နှင့် အညီ ခံစားခွင့်ရစေရမည်။

၂၀။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် လူမှုဖူလုံရေးနှင့် သက်သာချောင်ချိရေးရန်ပုံငွေများ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူ ဆောင်ရွက်ရမည်။

၂၁။ ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းဌာနခွဲတစ်ရပ်ရပ်သည် တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်သာချောင်ချိရေး ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ ကရုဏာကြေးနှုန်းသတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ယူ ဆောင်ရွက်ရမည်။

၂၂။ ခွင့်ပြုချက်ရရှိထားသည့် ဘဏ္ဍာငွေများကို သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ စီမံဆောင်ရွက်ပေးသော စစ်ဆေးမှုကို ခံယူရမည်။

## အခန်း(၇)
## လုပ်သားအင်အားဖွဲ့စည်းခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၂၃။ သက်ဆိုင်ရာ မြို့နယ်များအတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်း ပမာဏများနှင့် လုပ်ငန်းလုပ်ကွက်များကို အခြေခံ၍သယ်ယူပို့ဆောင်မှုနှင့် အတင်အချလုပ်ငန်းများကို နိုင်နင်းစွာ ဆောင်ရွက်နိုင်ရန်၊ လုပ်သားများ၏ လုပ်အားကိုမျှတစေရန်၊ အလုပ်သမားတစ်ဦးစီ၏ လုပ်ခဝင်ငွေများလျော့နည်းကျဆင်းမှုမရှိစေရန်အတွက် မြို့နယ်အလိုက်ရှိသင့်သည့် အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံးလုပ်သားအင်အား သတ်မှတ်ချက်များကို မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၂၄။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများသည် မိမိမြို့နယ်၏ အနည်းဆုံးလုပ်သားအင်အားနှင့် အများဆုံးလုပ်သားအင်အား သတ်မှတ်ချက်များမှ လုပ်ငန်းအခြေအနေနှင့် လိုက်လျောညီထွေမှု ရှိစေရေးအတွက် (၁)နှစ်တစ်ကြိမ် စိစစ်သုံးသပ်၍ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသို့ တင်ပြရမည်။ အင်အားသတ်မှတ်ချက် ပြောင်းလဲရန်လိုအပ်ပါက အကျိုးအကြောင်းခိုင်လုံစွာဖြင့် မြို့နယ် ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေး ကော်မတီသို့ တင်ပြ၍ ပြင်ဆင်အတည်ပြုချက်ရယူရမည်။

## အခန်း(၈)

## လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး

၂၅။ (က) ကုန်တင်ကုန်ချလုပ်ငန်းများဆောင်ရွက်ရာတွင် အလုပ်သမားတစ်ဦး၏ ကြံ့ခိုင်မှုအင်အားကို မထိခိုက်စေရန် အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့် အလေးချိန်အတိုင်းအတာထက် ပိုမိုကျော်လွန်ပြီး ထမ်းပိုးစေခြင်းမပြုရ။

(ခ) ကုန်ပစ္စည်းများကို အလေးချိန် ချိန်တွယ်ရာတွင် နေရာကြီးကြပ်သူနှင့် လိုအပ်သည့် လုပ်ငန်းခွင်သုံးကိရိယာများကို စနစ်တကျထားရှိရမည်။

၂၆။ အထက်ဖော်ပြပါ အလေးချိန်များထက်ကျော်လွန်သော ကုန်ပစ္စည်းများအတင်အချ ဆောင်ရွက်ပါက အလုပ်သမားများ ဝန်မပိစေရေးအတွက် ကုန်ပစ္စည်းအလေးချိန်၊ အရွယ်ပမာဏကိုသုံးသပ်၍ အလုပ်သမားနှစ်ဦး သို့မဟုတ် လိုအပ်သည့် လုပ်သားဦးရေဖြင့် ထမ်းပိုးဆောင်ရွက်စေရမည်။

၂၇။ စက်ပစ္စည်းများ၊ ပေကျုံကုန်ပစ္စည်းများ၊ မီးလောင်ပေါက်ကွဲလွယ်သောကုန်ပစ္စည်းများအား အတင်အချလုပ်ငန်းများ ဆောင်ရွက်ပါက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရမည်။

## အခန်း(၉)

## လုပ်ခနှုန်းထားများ သတ်မှတ်ခြင်း

၂၈။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများမှ ဆောင်ရွက်လျက်ရှိသော လုပ်ခနှုန်းထားများသည် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများက အတည်ပြုထားသော လုပ်ခနှုန်းထားများသာ ဖြစ်ရမည်။

၂၉။ သတ်မှတ်အတည်ပြုထားသော လုပ်ခနှုန်းထားများသည် ကာလဒေသနှင့် လျော်ညီစေရန် တိုးမြှင့်ပြင်ဆင်သတ်မှတ်ရန်လိုအပ်ပါက (၁)နှစ်တစ်ကြိမ် ပြင်ဆင်သတ်မှတ်နိုင်သည်။

၃၀။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများသည် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများက သတ်မှတ်ထားသည့် လုပ်ခနှုန်းထားများကို စနစ်တကျပြုစု၍ တိုင်းဒေသကြီးကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသို့ တင်ပြအစီရင်ခံရမည်။

## အခန်း(၁၀)

## လုပ်ငန်းခွင်စည်းကမ်းများ သတ်မှတ်ခြင်းနှင့် စီမံခန့်ခွဲရေးအရ အရေးယူခြင်း

၃၁။ ကုန်တင်ကုန်ချလုပ်ငန်းသဘာဝအရ အလုပ်ချိန်တိတိကျကျသတ်မှတ်ရန် မဖြစ်နိုင်သော်လည်း မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီများသည် မိမိမြို့နယ်၏

လုပ်ငန်းသဘာဝနှင့် ကိုက်ညီသော အလုပ်သမားဂိုဏ်းချိန်နှင့် ဂိုဏ်းသိမ်းချိန်များကို မိမိကော်မတီ၏ ဆုံးဖြတ်ချက်များဖြင့် သတ်မှတ်ထားရှိရမည်။

၃၂။ လုပ်သားများလုပ်ငန်းခွင်တွင် စည်းကမ်းတကျရှိစေရန် အလုပ်မဆင်းနိုင်သည့် လုပ်သားများအတွက် ပြက္ခဒိန်နှစ် တစ်နှစ်အတွင်း ခွင့်ခံစားနိုင်စေရန် ခွင့်ရက်များကို သတ်မှတ်ပေး ရမည်။

၃၃။ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်နေစဥ်အတွင်း တာဝန်ပျက်ကွက်ခြင်း၊ ကုန်ပစ္စည်းပျက်စီးဆုံးရှုံးခြင်း၊ ကုန်ပစ္စည်းခိုးယူခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ မူးယစ်သောက်စားခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ လူစားထိုးခိုင်းစေခြင်း၊ ကိုယ်ကျိုးရှာခြင်းနှင့် အလွဲသုံးစားမှုများကို အရေးယူဆောင်ရွက်နိုင်ရန် အလုပ်သမားကိုယ်စားလှယ်များ ပါဝင်သော စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကို မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဖွဲ့စည်းရမည်။

၃၄။ ပုဒ်မ ၃၃ ပါ ပြဋ္ဌာန်းထားသောတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က အောက်ပါနည်းလမ်းများဖြင့် အရေးယူရမည် -

(က) သတိပေးခြင်း၊

(ခ) ပျက်စီးဆုံးရှုံးပစ္စည်းများအတွက် တန်ဘိုးသတ်မှတ်ပေးလျော်စေခြင်း၊

(ဂ) မှတ်ပုံတင် အလုပ်သမားအဖြစ်မှ ရပ်စဲခြင်း၊

(ဃ) သက်ဆိုင်ရာတည်ဆဲဥပဒေများအရ အရေးယူရန် ဆောင်ရွက်ခြင်း။

၃၅။ ပုဒ်မ ၃၄ ပါ အရေးယူခြင်းကို တစ်ခုချင်းဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။

၃၆။ မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးနှင့် စပ်လျဥ်း၍ ခွင့်ပြုထားသည့် ဂရုဏာကြေးနှင့် ထောက်ပံ့ကြေးတို့ကို သက်ဆိုင်ရာရန်ပုံငွေမှ သတ်မှတ်ချိန်အတွင်း ထုတ်ပေးရန်ပျက်ကွက်ပါက စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို သော်လည်းကောင်း၊ တစ်ရပ်ထက်ပို၍ သော်လည်းကောင်း ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ခံဝန်လက်မှတ်ရေးထိုးစေခြင်း၊

(ဂ) သင့်လျော်သည့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

၃၇။ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ချမှတ်သောအရေးယူမှုကို မကျေနပ်သူသည် ရက်ပေါင်း (၃၀)အတွင်း တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီထံ အယူခံဝင်နိုင်သည်။ အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၁)

## ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီများကို ဖျက်သိမ်းခြင်း

၃၈။ မြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်းကြီးကြပ်ရေး ကော်မတီရုံး သို့မဟုတ် ကုန်တင်ကုန်ချ အလုပ်သမား ကြီးကြပ်ရေးဌာနခွဲရုံး တစ်ခုခုသည် လမ်းပန်းဆက်သွယ်မှု အခြေအနေ ပြောင်းလဲမှုကြောင့်ဖြစ်စေ၊ လုပ်ငန်းနေရာပြောင်းရွှေ့ခြင်း အပါအဝင် အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ၊ ကုန်တင်ကုန်ချလုပ်ငန်းများ လျော့ကျလာခြင်းကြောင့် ခွင့်ပြုထားသည့် လုပ်ငန်းခွင့်ပြုချက် သက်တမ်းကာလမတိုင်မီ ဖျက်သိမ်းရမည့် အခြေအနေမျိုး ကြုံတွေ့ပါက ထိုအခြေအနေကို အကျိုးအကြောင်းပြည့်စုံစွာ ဖော်ပြလျက် ဖျက်သိမ်းခွင့်ပြုရန် တိုင်းဒေသကြီး ကုန်တင်ကုန်ချ လုပ်ငန်းကြီးကြပ်ရေး ကော်မတီရုံးသို့ တင်ပြ၍ ဖျက်သိမ်းခွင့် တောင်းခံရမည်။

၃၉။ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၃၈ အရ တင်ပြချက်ကို စိစစ်၍ လိုအပ်ပါက ကွင်းဆင်းစစ်ဆေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီရုံး သို့မဟုတ် ကုန်တင်ကုန်ချ အလုပ်သမား ကြီးကြပ်ရေး ဌာနခွဲရုံးကို ဖျက်သိမ်းခွင့်ပြုနိုင်သည်။

၄၀။ ပုဒ်မ ၃၉ အရ ဖျက်သိမ်းခွင့်ရရှိသော မြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်းကြီးကြပ်ရေး ကော်မတီ သို့မဟုတ် ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေး ဌာနခွဲရုံးသည် မိမိပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် သက်သာချောင်ချိရေး ရန်ပုံငွေ၊ လူမှုဖူလုံရေးရန်ပုံငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်း ရမည်။

၄၁။ မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ သို့မဟုတ် ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးဌာနခွဲရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းပြီးပါက ယင်းသို့ဖျက်သိမ်း ပြီးစီးကြောင်းကို စာရင်းရှင်းတမ်း အပြည့်အစုံဖြင့် တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသို့တင်ပြ အစီရင်ခံရမည်။

၄၂။ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် ဖျက်သိမ်းသည့် မြို့နယ်ကုန်တင်ကုန်ချ လုပ်ငန်းကြီးကြပ်ရေးကော်မတီ သို့မဟုတ် ကုန်တင်ကုန်ချ အလုပ်သမား ကြီးကြပ်ရေး ဌာနခွဲရုံး၏ စာရင်းရှင်းလင်းဖျက်သိမ်းပြီးစီးမှုအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စောလျင်စွာ တင်ပြအစီရင်ခံ ရမည်။

## အခန်း(၁၂)

## တားမြစ်ချက်များ

၄၃။ မည်သူမျှ အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -

(က) မြို့နယ်ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ ကြီးကြပ်ကွပ်ကဲလျက်ရှိသော လုပ်ငန်းနေရာများတွင် မှတ်ပုံတင် ကုန်တင်ကုန်ချ အလုပ်သမား မဟုတ်ဘဲဖြစ်စေ၊ လုပ်ငန်းခွင့်ပြုချက်မရှိဘဲဖြစ်စေ ကုန်တင်ကုန်ချလုပ်ငန်းကို လုပ်ကိုင်ခြင်း၊

(ခ) **မှတ်ပုံတင် ကုန်တင်ကုန်ချ အလုပ်သမားများ၏ လုပ်အားခကို အလွဲသုံးစား ပြုခြင်း။**

၄၄။ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ လွှဲအပ်တာဝန်ပေးချက်အရ ကော်မတီ သို့မဟုတ် ကော်မတီဝင်တစ်ဦးဦးက ကုန်တင်ကုန်ချလုပ်ငန်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ မည်သူမျှ တားဆီးခြင်း၊ အကြမ်းဖက်ဟန့်တားနှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းမပြုရ။

၄၅။ မည်သူမျှအောက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -

(က) သတ်မှတ်ထားသော အခကြေးငွေထက်ပို၍ အများပြည်သူထံမှ လုပ်အားခ ပိုမိုတောင်းခံခြင်း၊

(ခ) ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) ခရီးသွားပြည်သူကိုယ်တိုင် တစ်နိုင်တစ်ဆွဲ သယ်ယူလာသော ကုန်ပစ္စည်းအပေါ် ကုန်တင်ကုန်ချ အလုပ်သမားများမှ သယ်ဆောင်ပေးရခြင်းမရှိဘဲ လုပ်အားခ တောင်းခံခြင်း။

## အခန်း(၁၃)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၆။ မည်သူမဆို ပုဒ်မ ၄၃ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၄၅ ပုဒ်မခွဲ(ဂ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၇။ မည်သူမဆို ပုဒ်မ ၄၃ ပုဒ်မခွဲ (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်းပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်။

၄၈။ မည်သူမဆို ပုဒ်မ ၄၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၉။ မည်သူမဆို ပုဒ်မ ၄၅ ပုဒ်မခွဲ (က) နှင့် (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန် ကြောင်းပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ခြောက်လထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ပြစ်ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း(၁၄)

## အထွေထွေ

၅၀။ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီသည် ကုန်တင်ကုန်ချ လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးရာတွင် မှတ်ပုံတင်ကြေး၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေးငွေ များကို လိုအပ်သလို သတ်မှတ်ရမည်။

၅၁။ တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီက တာဝန်ပေးအပ်ခြင်း ခံရသူသည် အခန်း(၁၃)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို တိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ကြီးကြပ်ရေးကော်မတီ၏ ခွင့်ပြုမိန့်ဖြင့် တရားစွဲဆိုရမည်။

၅၂။ ဤဥပဒေ အခန်း(၁၃)ပြဋ္ဌာန်းချက်များအရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့် ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၃။ ယခင် ပြည်တွင်းကုန်တင်ကုန်ချကော်မတီသည် ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မတီထံ လုပ်ငန်းနှင့် လုပ်ပိုင်ခွင့်အရပ်ရပ်ကို တိုင်းဒေသကြီး အစိုးရက တာဝန်ပေးအပ် ထားသည့် အဖွဲ့အစည်း၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်စေရမည်။

၅၄။ ၁၉၄၇ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုဆိုင်ရာ အက်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် ၁၉၅၉ခုနှစ်၊ အလုပ်သမားများ အလုပ်အကိုင် ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Labour Employment Control Order, 1959)၊ ယင်းအမိန့်အရ ပြုလုပ်သည့် ၁၉၇၀ ပြည့်နှစ်

ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားများ စောင့်ရှောက်ရေး စည်းမျဉ်းဥပဒေများ၊ ၂၀၀၅ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တည်မြဲအမိန့်နှင့် ဘဏ္ဍာရေးစည်းမျဉ်းတို့သည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၅၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဉာဏ်ဝင်း

ဝန်ကြီးချုပ်၊

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့။